

# မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေ အစီရင်ခံစာ

(၂၀၁၆ ခုနှစ်၊ ဇန်နဝါရီ-ဇွန်)

Network for Human Rights Documentation - Burma
ND - Burma

လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ)

## ကျေးဇူးတင်မှတ်တမ်း

လုံခြုံရေးအန္တရာယ် ရှိသည့်တိုင် အမှန်တရားကို ရဲဝံ့စွာ ထုတ်ဖော်ပြောဆိုပေးခဲ့သူများနှင့် ကွန်ရက်အဖွဲ့ဝင် အဖွဲ့အစည်းများမှ စွန့်စွန့်စားစား အချက်အလက်ကောက်ယူပေးခဲ့သော ကွင်းဆင်းသတင်း ကောက်ယူသူအားလုံးအား ကျေးဇူးတင်ရှိပါသည်။

အစီရင်ခံစာအား တည်းဖြတ်ပေးသော နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေး အသင်းမှ စေတနာ့ဝန်ထမ်း များအား အထူးကျေးဇူးတင်အပ်ပါသည်။

အစီရင်ခံစာဖြစ်မြောက်ရေးအတွက် အထောက်အပံ့ပေးခဲ့သည့် Open Society Foundation ကိုလည်း ကျေးဇူးတင် ရှိပါကြောင်း။

*Cover photo*: HURFOM, Memorial ceremony for victims killed by Burma Army, Mon state

*Published by* Network for Human Rights Documentation - Burma
August, 2016

GPO 315, Chiang Mai 50000, Thailand
T/F - +66 (0) 53 304 404
office@nd-burma.org, www.nd-burma.org

# နိဒါန်း

၂၀၁၆ ခုနှစ်အတွင်း မြန်မာနိုင်ငံရှိ ဒေသအတော်များများတွင် တိုင်းရင်းသားပဋိပက္ခများ ပြင်း ထန်နေသည့်အတွက် မြန်မာ့တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ကျူးလွန်ကြသည့် လူ့အခွင့်အရေးချိုးဖောက်မှုများ များပြားနေသည်ကို တွေ့ရသည်။ ၂၀၁၆ ခုနှစ်၏ ပထမ နှစ်ဝက်အတွင်းမှာပင် မြန်မာနိုင်ငံအတွင်း လူ့အခွင့်အရေး ချိုးဖောက်မှု ၉၈ မှုကို လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ) ခေါ် ND-Burma မှ မှတ်တမ်းတင်နိုင်ခဲ့ခြင်းက၊ ၂၀၁၅ တနှစ်လုံး ND-Burma မှ မှတ်တမ်းတင်နိုင်ခဲ့သည့် လူ့အခွင့်အရေးချိုးဖောက်မှု ၈၄ မှု ထက် ပိုမိုများပြား သည်ကို တွေ့ရသည်။ ယခုအစီရင်ခံစာတွင် ဖော်ပြထားသည့် အချက်အ လက်များသည် ND-Burma ၏ ကွင်းဆင်းသတင်း ကောက်ယူသူများမှ ပြည်နယ်နှင့် တိုင်းဒေသကြီး ၁၀ ခုတွင် စုဆောင်းခဲ့ကြခြင်းဖြစ်သည်။

နောက်ထပ် သတင်းအချက်အလက်များကိုလည်း သတင်းဌာနများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ထုတ်ပြန်သည့် အစီရင်ခံစာများမှ ရရှိပါသည်။

လူ့အခွင့်အရေးချိုးဖောက်ခံရမှု တခုချင်းစီသည် တိကျသည့် ဖြစ်ရပ်များအပေါ် ရည်ညွှန်းပြီး၊ လူများစွာအပေါ် သက်ရောက်ပါသည်။ ထို့ကြောင့် ယခုအစီရင်ခံစာတွင်ပါသည့် လူ့အခွင့်အရေး ချိုးဖောက်မှုအရေအတွက်သည် လူ့အခွင့်အရေး ချိုးဖောက်ခံရသူ အရေအတွက်မဟုတ်ပါ။ လူ့အခွင့်အရေးချိုးဖောက်ခံရသူ အရေအတွက်မှာ လူ့အခွင့်အရေး ချိုးဖောက်မှုဖြစ်စဉ် အရေအတွက်ထက် ပိုမိုများပြားသည်ကို သတိပြုစေလိုပါသည်။

မြန်မာနိုင်ငံတွင် သမိုင်းတွင်မည့် အလှည့်အပြောင်းအဖြစ် နှစ်ပေါင်း ၅၀ ကျော်အတွင်း ဒီမိုကရေစီနည်းကျ ရွေးကောက်တင်မြှောက်သည့် အစိုးရတရပ်ကို ၂၀၁၆ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင် ဖွဲ့စည်းနိုင်ခြင်းဖြစ်သည်။ အစိုးရအပြောင်းအလဲက အခွင့်အလမ်းသစ်များနှင့် ပြုပြင်ပြောင်းလဲရေး၊ အမျိုးသားပြန်လည် သင့်မြတ်ရေးနှင့် အသွင်ကူးပြောင်းမှုကာလ တရားမျှတမှု ရရှိရေးတို့အတွက် ကျယ်ကျယ်ပြန့်ပြန့် မျှော်လင့် အားထားမှုများ ဖြစ်ပေါ်လာစေသည်။

အစိုးရသစ်တက်လာပြီး ပထမ ရက်သတ္တပတ်များ အတွင်းမှာပင်၊ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အစိုးရအနေဖြင့် နိုင်ငံရေးအကျဉ်းသားများကို ပထမဦးစားပေးအနေဖြင့် လွှတ်ပေးမည်ဟု ကြေငြာ၊ ကတိပြု ပြောကြားခဲ့ခြင်းဖြစ်သည်။

ထိုသို့ ကြေငြာခဲ့ပြီးသည့်နောက် လွတ်ငြိမ်းချမ်းသာခွင့်များဖြင့် တက်ကြွလှုပ်ရှားသူများ လွတ်မြောက်လာခဲ့သည်။ နိုင်ငံရေး အကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) ၏ စာရင်းများအရ ဧပြီလအတွင်း လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် နိုင်ငံရေး တက်ကြွလှုပ်ရှားသူ ၂၃၅ ဦး လွတ်မြောက်ခဲ့သည်။

ပြောင်းလဲမှုများအတွက် မျှော်လင့်ချက် ကြီးကြီးမားမား ရှိနေသော်ငြားလည်း တိုင်းရင်းသား ဒေသများတွင် ပဋိပက္ခများ ကြီးထွားလျှက်ရှိသည့်အတွက် လူ့အခွင့်အရေးချိုးဖောက်မှုများ တိုးပွားလာပြီး၊ ဒေသခံပြည်သူလူထု ထောင်ပေါင်းများစွာ၏

ဘဝများအပေါ် ရိုက်ခတ်လျှက်ရှိ နေသည်။ ထိုသို့ဖြစ်ပေါ်နေမှုက အမျိုးသားပြန်လည်သင့်မြတ်ရေး လုပ်ငန်းစဉ်များအပေါ် အဟန့်အတားများ ဖြစ်ပေါ်စေသည်။

နိုင်ငံရေးအရ တွန်းအားပေးမှုကြောင့် အကျိုးဆက်အနေဖြင့်၊ အထူးသဖြင့် တိုင်းရင်းသား ဒေသများတွင် ဖမ်းဆီး၊ ထိန်းသိမ်းမှုများ ဖြစ်ပေါ်စေသည်။ AAPP ၏ ၂၀၁၆ ခုနှစ် ဇွန်လ၊ အစီရင်ခံစာအရ မြန်မာနိုင်ငံတွင် နိုင်ငံရေးအကျဉ်းသား ၂၈၅ ဦး ရှိနေပြီး၊ ၈၂ ဦးမှာ အကျဉ်း ကျခံနေရသည်။ ၃၄ ဦးမှာ အကျဉ်းထောင်များအတွင်း တရားရင်ဆိုင်နေရပြီး၊ ၁၆၉ ဦးမှာ အကျဉ်းထောင်ပြင်ပတွင် တရားရင်ဆိုင်နေရသည်။[1] အကျဉ်းကျခံနေရသူ ၇၀% ကျော်မှာ တိုင်းရင်းသားများအတွက် ရည်ရွယ်ချက်ရှိရှိ ထုတ်ပြန်ထားသည့် မတရားသင်း ဥပဒေကို ချိုးဖောက်မှုဖြင့် အရေးယူခံထားရခြင်းဖြစ်သည်။[2]

ပဋိပက္ခများကြောင့် ရွာသားများ နေရပ်ရင်းမှ ရွှေ့ပြောင်းရမှုများ အကြီးအကျယ် ဖြစ်ပေါ်စေ သည်။ တအာင်းအမျိုးသမီးအစည်းအရုံး (TWO) မှ မှတ်တမ်းများအရ ၂၀၁၆ ခုနှစ်၏ ပထမ ၃ လအတွင်းမှာပင် ရှမ်းပြည်နယ်၊ ကျောက်မဲမြို့နယ်မှ ရွာသား ၅၀၀၀ ကျော် နေရပ်စွန့်ခွာ၊ ရွှေ့ ပြောင်းခဲ့ကြရသည်[3]။

ဥပဒေမဲ့ သတ်ဖြတ်မှုနှင့် ညှဉ်းပန်းနှိပ်စက်မှုတို့ကိုလည်း ကျယ်ကျယ်ပြန့်ပြန့် အစီရင်ခံခဲ့ပြီး ဖြစ်သည်။ ၂၀၁၆ ခုနှစ် ဇန်နဝါရီလမှ ဇွန်လအတွင်း သတ်ဖြတ်မှု ၁၅ မှုနှင့် ညှဉ်းပန်းနှိပ်စက်မှု ၄၀ မှုကို ND-Burma မှ မှတ်တမ်းတင်နိုင်ခဲ့သည်။ နှိုင်းယှဉ်ချက်အရ ၂၀၁၅ ခုနှစ်အတွင်း မှတ်တမ်းတင်နိုင်ခဲ့သည့် သတ်ဖြတ်မှု ၁၁ မှု၊ ညှဉ်းပန်းနှိပ်စက်မှု ၂၆ မှုထက် ပိုမိုများပြားကြောင်း သိနိုင်သည်။

သတင်းဌာနများတွင် ကျယ်ကျယ်ပြန့်ပြန့် ဖော်ပြခဲ့သည့် သတ်ဖြတ်မှု တခုမှာ ကချင်ပြည်နယ်တွင် ဇွန်လ ၂၀ ရက် နေ့က မြန်မာစစ်တပ်မှ ပစ်ခတ်၍ သေဆုံးသွားသည့် ၁၉ နှစ်အရွယ် တက္ကသိုလ်ကျောင်းသား ဂွမ်ဆိုင်းအောင် (Gum Seng Awng) ကိစ္စဖြစ်သည်။ ကာကွယ်ရေး ဝန်ကြီးဌာနမှ ထုတ်ပြန်ချက်အရ သေဆုံးသူ ဂွမ်ဆိုင်းအောင်နှင့် သူငယ်ချင်းများ က စစ်သား များအား စတင်တိုက်ခိုက်သည့်အတွက် မတော်မဆ ပစ်ခတ်ခဲ့သည်ဟု ဖော်ပြထားသည်။

သို့သော်လည်း လူထုကမူ သူ့ခန္ဓာကိုယ်ရှိ ကျည်ဆံရာ ၃ ခုက ဂွမ်ဆိုင်းအောင်အား အနောက်မှ ရည်ရွယ်ချက်ရှိရှိ ပစ်ခတ်ထားသည်ကို ပြသနေသည်ဟု ယုံကြည်ကြသည်။ သူသေဆုံးချိန်က၊ ဆေးရုံတွင်၊ သူ၏ခန္ဓာကိုယ်အား ကြည့်ရှု၊ စစ်ဆေးရန် ဂွမ်ဆိုင်းအောင်၏ မိသားစုအား ဒေသခံ အာဏာပိုင်များမှ တားဆီးခဲ့ခြင်းက သံသယကို ပိုမိုဖြစ်ပေါ်စေသည်။[4]

ထိုသို့ဖြစ်ပွားများ သိပ်မကြာမီ ဇွန်လ ၂၅ ရက်တွင် ရှမ်းပြည်မြောက်ပိုင်း၊ လားရှိုးမြို့နယ်၊ မိုင်းယော်ကျေးရွာရှိ ရွာသား အနည်းဆုံး ၅ဦး စစ်တပ်၏ သတ်ဖြတ်ခြင်းခံရသည်။ စစ်တပ်မှ ဒေသခံရွာသားများအား အတင်းအဓမ္မ ဖမ်းဆီးထားပြီး၊ ၎င်းတို့အနီးမှ စက်ဘီးဖြင့်ဖြတ်သွားသည့် ရွာသား ၂ ဦးကို ဖြတ်သန်းခွင့် မပြုဘဲ၊ ပစ်ခတ်ခဲ့သည်။[5]

သို့သော်လည်း မကြုံဖူးစွာပင် ရွာသား ၅ ဦး အသတ်ခံရမှုအပေါ် ၎င်းတို့၏ လုပ်ရပ်ဖြစ်သည်ဟု မြန်မာ့တပ်မတော်မှ ကြေငြာခဲ့ပြီး၊ စစ်ခုံရုံးဖြင့် စစ်ဆေးမေးမြန်းမှုများ ပြုလုပ်နေသည်။[6] အစိုးရသစ်မှ ဆောင်ရွက်ရန် ကိစ္စများကို ကတိကဝတ်ပြုထားသည့် အဆင့်မှာပင်၊ တာဝန်ယူ၊ တာဝန်ခံမှု အပြည့်အဝမရှိခြင်းသည်၊ အပြစ်ရှိသူများ အပြစ်ပေး အရေးယူခံရခြင်းမှ ကင်းလွတ်နေမှု အကျယ်အပြန့် ဖြစ်ပွားနေသည့် တိုင်းပြည်၏ ပြဿနာကို ရောင်ပြန်ဟပ် ဖော်ပြနေခြင်း ဖြစ်သည်။

အစိုးရအနေဖြင့် လက်ရှိဖြစ်ပွားနေသည့် ပဋိပက္ခများကို ဖြေရှင်းရန် ကြိုးပမ်းသည့် အနေဖြင့် ၂၁ ရာစု ပင်လုံညီလာခံကို ၂၀၁၆ ခုနှစ် ဩဂုတ်လကုန်တွင် ကျင်းပမည်ဟု ကြေငြာလိုက်သည်။ ညီလာခံသည် အစိုးရသစ်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအကြား နိုင်ငံရေးအရတွေ့ဆုံဆွေးနွေးရန် ရည်ရွယ်သည်။ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်က တနိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးစာချုပ် (NCA) လက်မှတ်မထိုးသည့် အဖွဲ့များအပါအဝင် အဖွဲ့အားလုံးအား ညီလာခံသို့ တက်ရောက်ရန် အတိအလင်း ဖိတ်ခေါ်ထားသည်။ သို့သော် လည်း ညီလာခံတွင် NCA လက်မှတ်ရေးထိုးထားသည့် အဖွဲ့များကသာ ဆုံးဖြတ်ချက် ချပိုင်ခွင့်ရှိမည့် တစိတ်တပိုင်း ပါဝင်မှုဖြစ်မည်ကို ဝေဘန်သုံးသပ်သူများက စိုးရိမ်နေကြပြီး မည်သည့်အုပ်စုများက တက်ရောက်မည်ကိုလည်း သဲသဲကွဲကွဲ မသိရသေးပေ။[7]

---

1 2016, 'AAPP Monthly Chronologie and Facing Trial List', AAPP June, http://aappb.org/2016/07/aapp-b-monthly-chronology-of-june-2016-and-current-political-prisoners-list/

2 2016, 'AAPP Monthly Chronologie and Facing Trial List', AAPP June, http://aappb.org/2016/07/aapp-b-monthly-chronology-of-june-2016-and-current-political-prisoners-list/

3 2016, 'Trained to Torture', Ta'ang Women's Organization. Available from: http://www.burmalink.org/trained-torture-systematic-war-crimes-by-the-burma-army-in-taang-areas-of-northern-shan-state/

4 2016, 'Burmese Army Soldier Guns Down A 19-Year-Old Student in Myitkyina', Kachinland News 22 June. Available from http://www.kachinlandnews.com/

5 2016, 'Shan State Villagers Arrested by Myanmar Military Turn Up Dead Near Lashio', Radio Free Asia 20 June. Available from http://rfa.org/

6 2016, 'Burma Army admits to Mong Yaw killings', DVB 21 July. Available from http://www.dvb.no/

7 2016, 'Upcoming Panglong conference may not include all groups', Myanmar Times 18 July. Available from: http://www.mmtimes.com/index.php/national-news/21424-upcoming-panglong-conference-may-not-include-all-groups.html

# အချက်အလက်ကောက်ယူသည့်နည်းလမ်း

**ကွင်းဆင်းသတင်းကောက်ယူသူများ၏အခြေအနေ** - လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ) ၏ ကွင်းဆင်းအချက်အလက် ကောက် ယူသူများသည် လူ့အခွင့်အရေး မှတ်တမ်းများကောက်ယူရာတွင် အသက်အန္တရာယ်နှင့် ရင်း၍ ဆောင်ရွက်ရသည်။ လူ့အခွင့်အရေးစောင့်ကြည့်လေ့လာသူများသည် အစိုးရ၏ အငြိုးထားမှု ခံရသည့် အပြင် မျက်ခြေမပြတ် စောင့်ကြည့်ခံရခြင်း၊ ခြိမ်းခြောက်ခံရခြင်း၊ ဖမ်းဆီး၊ ထောင်ချခံရခြင်းတို့ အမြဲတစေ ရင်ဆိုင်ရသည်။ လုံခြုံရေးအခြေ အနေကြောင့် လူ့အခွင့်အရေးမှတ်တမ်းတင်ခြင်းအား ထင်ထင်ပေါ်ပေါ် မလုပ်နိုင်သည့်အတွက် မြန်မာနိုင်ငံတ ပှမ်းလုံးတွင် ဖြစ်ပျက်နေသော လူ့အခွင့်အရေး အခြေအနေအားလုံးအား ထပ်ဟပ် ဖော်ပြနိုင်ခြင်းမရှိပေ။

အပစ်အခတ်ရပ်စဲထားသည့် နေရာများတွင်ပင် ကွင်းဆင်းအချက်အလက်ကောက်ယူသူများ နှင့် ၎င်းတို့ဆက်သွယ်သည့် ပြည်သူလူထုမှာ လုံခြုံရေးအန္တရာယ်ကို ကြုံတွေ့ရတတ်သည်။ အဘယ်ကြောင့်ဆိုသော် စစ်တပ်နှင့် ရဲတပ်ဖွဲ့က ကျူးလွန် ချိုးဖောက်ခံရသူများကို ဆိတ်ဆိတ် နေကြရန် မကြာခန ခြိမ်းခြောက်၊ သတိပေးနေ၍ ဖြစ်သည်။ အကယ်၍ စစ်တပ်နှင့် ရဲတို့က ကွင်းဆင်းသတင်း ကောက်ယူသူတဦးအား ၎င်းမှတ်တမ်းတင်ထားသည့် လူ့အခွင့်အရေးချိုးဖောက်မှု သတင်း အချက်အလက်များနှင့် အတူတွေ့ရှိပါက၊ အဆိုပါ ကွင်းဆင်းသမားသည် မတရားသည့် ဥပဒေများအရ အရေးယူခံရနိုင် ခြင်း၊ ဟန့်တားနှောင့်ယှက်ခံနေရခြင်းနှင့် အကြမ်းဖက် နှိပ်စက်ခံရနိုင်သည်။

ကွင်းဆင်း၍ အချက်အလက် ကောက်ယူနေကြသူများသည် အဖြစ်အပျက်များအား ပြောပြ၊ သတင်းပေးသူများအပေါ် အခြေခံ၍ မှတ်တမ်းတင်ကြရသည်။ ထို့ကြောင့် ကွန်ရက်၏ ကွင်းဆင်းအချက်အလက် ကောက်ယူသူတိုင်းသည် သတင်း ပေးနိုင်မည့် အဆက်အသွယ်များ ပိုမိုရရှိလာစေရန် ကြိုးပမ်းရသကဲ့သို့၊ ကျေးရွာခေါင်းဆောင်၊ အစိုးရဂန်ထမ်းများ နှင့်လည်း တွေ့ဆုံမေးမြန်း အချက်အလက် ကောက်ယူရသည်။

**မှတ်တမ်းတင်ခြင်း** - လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (ND-Burma) သည် နိုင်ငံတကာ လူ့အခွင့်အရေး အန်ဂျီအိုများ၏ အကူအညီကိုရယူ၍ ကွန်ရက် အဖွဲ့ဝင်အဖွဲ့အစည်းများမှ ကွင်းဆင်း အချက်အလက်ကောက်ယူသူများကို သင်တန်းပေး သည်။ ထို့နောက် ကွင်း ဆင်းအချက်အလက် ကောက်ယူသူများသည် မြန်မာနိုင်ငံ၏ ပြည်နယ်နှင့် တိုင်း ဒေသကြီး ၁၀ ခုအတွင်း၊ တွေ့ဆုံမေးမြန်း၍ လူ့အခွင့်အရေးဆိုင်ရာ သတင်းအချက်အလက်များကို ကောက်ကူ စုဆောင်း သည်။

ဖြစ်ရပ်တခုချင်းစီအား ရရှိလာသည့် အခြေအနေများအပေါ် မူတည်၍ ကောက်ယူရသည်။ ယခုအစီရင်ခံသည့် အချိန်ကာလ အတွင်း ဖြစ်ရပ်များသည် စစ်တပ်မှ ကျူးလွန်မှုကို ခံခဲ့ရသူများ ကိုယ်တိုင်၊ တိုက်ရိုက် ပြောဆိုချက်များ ဖြစ်သည်။ မျက်မြင် သက်သေများမှ ပြောသော အချက်အလက်များနှင့် လေ့လာသူများက အတည်ပြုပေးသော အချက်အလက်များအရ မြန်မာ အစိုးရ စစ်သားများ အများဆုံးကျူးလွန်သော ချိုးဖောက်မှုများဖြစ်သည်။

သို့သော်လည်း မိမိတို့အနေဖြင့် သတင်းအချက်အလက်များ စုဆောင်းရန်အတွက် ကန့်သတ်ချက်အချို့နှင့် ကြုံတွေ့ရသည်။ ပထမအချက်အနေဖြင့် ND-Burma မှ ကွင်းဆင်းသတင်း ကောက်ယူသူများသည် လုံခြုံရေးတင်းကြပ်ထားမှုကြောင့် မြန်မာနိုင်ငံတပုန်းဖြစ်ပွားနေသည့် လူ့အခွင့်အရေးချိုးဖောက်မှုများအား စုဆောင်း၊ မှတ်တမ်းတင်နိုင်ခြင်းမရှိပါ။ ထို့ကြောင့် အစီရင်ခံစာပါ ဖြစ်ရပ်များသည် တိုင်းဒေသကြီးနှင့် ပြည်နယ် စုစုပေါင်း ၁၀ နေရာတွင်သာ မှတ်တမ်းတင်ထားနိုင်သည့် အချက်အလက်များ ဖြစ်သည်။

ဒုတိယအနေဖြင့် လက်ရှိစစ်ပွဲများ ဖြစ်ပွားနေခြင်းနှင့် စစ်ပွဲကြောင့် ထွက်ပြေး၊ တိမ်းရှောင်နေရမှုတို့ကလည်း လူ့အခွင့်အရေး ချိုးဖောက်မှုများ ဖြစ်ပွားနေသည့် ဒေသများသို့ ရောက်ရှိရန် အခက်အခဲ၊ အတားအဆီးများ ဖြစ်ပေါ်စေသည်။ ရလဒ် အနေဖြင့် ကချင်နှင့် ရှမ်းပြည်နယ်တို့ကဲ့ သို့ စစ်ပွဲဖြစ်ပွားနေသည့် ဒေသများရှိ သတင်းအချက်အလက်များကို တင်ပြနိုင်ခြင်း မရှိပါ။

နောက်ဆုံးအနေဖြင့် စစ်တပ်အနေဖြင့် အပစ်ပေးအရေးယူခံရခြင်းမှ ကင်းလွတ်နေသည့် ယဉ်ကျေးမှုနှင့် လက်စားချေ၊ ဒဏ်ခတ်ခံရမည်ကို ကြောက်ရွံ့နေမှုတို့ ကြောင့်ကျူးလွန်ချိုး ဖောက်ခံရသူများအနေဖြင့် ထုတ်ဖော်ပြောဆိုရန် အခွင့်အလမ်း ရှိနေသော်လည်း၊ မပြောရဲကြခြင်းတို့ကြောင့် ဖြစ်သည်။

အစီရင်ခံစာပါ ဖြစ်ရပ်များတွင် ပါဝင်သူများ၏ လုံခြုံမှုကို ကာကွယ်ရန်အတွက်၊ ၎င်းတို့၏ အမည်ရင်းများကို အသုံးပြုထားခြင်း မရှိပါ။

**အချက်အလက်စီမံခန့်ခွဲမှု -** လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (ND-Burma) အဖွဲ့ဝင် အဖွဲ့အစည်းများမှ ကွင်းဆင်း အချက်အလက် ကောက်ယူစုဆောင်းသူများ ပေးပို့လာသည့် အချက်အလက်များကို သက်ဆိုင်ရာ မိခင်အဖွဲ့ အစည်းထံသို့ ပေးပို့သည်။ ထို့နောက် သက်ဆိုင်ရာ အဖွဲ့အစည်းများမှ တာဝန်ရှိ ဝန်ထမ်းများက ကွန်ရက်မှ တပြေးညီ အသုံးပြု သည့် Martus ခေါ် ဒေတာဘေ့စ်အတွင်း သတင်းအချက်အလက်များ ထည့်သွင်းသည်။ ND-Burma ၏ အချက် အလက် စီမံခန့်ခွဲရေး အလုပ်အဖွဲ့ (Data Management Team) က အချက်အလက်များအား သုံးသပ်၍ ပြင်ဆင်စုစည်းပြီး ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလမှ ဇွန်အတွင်း ဖြစ်ပွားခဲ့သော ချိုးဖောက်မှုများအနက်မှ အစီရင်ခံစာတွင် အသုံးပြုရန် သင့်လျော် သည့် အဖြစ်အပျက်များကို ရွေးချယ်သည်။ ယခုအစီရင်ခံစာ ကာလမတိုင်ခင် ဖြစ်ပွားခဲ့သော တခြားသတင်းအချက် အလက်များကို သမိုင်းမှတ်တမ်းအဖြစ် သိမ်းဆည်းထားမည် ဖြစ်ပြီး၊ ဒီမိုကရေစီ အသွင် ကူးပြောင်းရေးကာလအတွင်း တာဝန်ယူမှု၊ တာဝန်ခံမှုများ ဖော်ထုတ်သည့် ယန္တယားများ ရှိလာလျှင် အသုံးပြုနိုင်စေရန် စီစဉ်ဆောင်ရွက်ထားသည်။

# ND-Burma မှ မှတ်တမ်းတင်နိုင်ခဲ့သည့် လူ့အခွင့်အရေးချိုးဖောက်မှု အမျိုးအစားများ

၂၀၁၆ ခုနှစ် ဇန်နဝါရီမှ ဇွန်လအထိ စစ်တပ်မှ အများဆုံးကျူးလွန်သည့် လူ့အခွင့်အရေး ချိုးဖောက်မှု ၉၈ မှုကို ND-Burma အနေဖြင့် မှတ်တမ်းတင်နိုင်ခဲ့သည်။ မြန်မာနိုင်ငံရှိ တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ ခုအနက်မှ နေရာ ၁၀  နေရာတွင် ဖြစ်ပျက် သည့် လူ့အခွင့်အရေး ချိုးဖောက်မှုများကို ND-Burma အနေဖြင့် မှတ်တမ်းတင်ခဲ့ခြင်းဖြစ်သည်။

ယခုအစီရင်ခံစာတွင် မြန်မာပြည်တွင် အဖြစ်အများဆုံး လူ့အခွင့်အရေးချိုးဖောက်မှု တခုဖြစ်သည့် ညှဉ်းပန်းနှိပ်စက်မှုကို မီးမောင်းထိုးပြထားပြီး၊ ယခုကာလအတွင်း ဖြစ်ပွားသည့် ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် လူမဆန်စွာ ဆက်ဆံခြင်း အမှု ၄၀ ကို လည်း  ND-Burma မှ မှတ်တမ်းတင်နိုင်ခဲ့သည်။ အလားတူစွာပင် ၂၀၁၆ ခုနှစ် ပထမ ၆ လပတ်အတွင်း များပြားစွာ ဖြစ်ပေါ် ခဲ့သည့် ဥပဒေမဲ့ သတ်ဖြတ်မှု ၁၅ မှုကိုလည်း မှတ်တမ်းတင်နိုင်ခဲ့သည်။

ထို့အပြင် မတရားဖမ်းဆီးမှု ၈မှု၊ ပစ္စည်းဥစ္စာပိုင်ဆိုင်မှုကို သိမ်းယူမှု ၆ မှု၊ လက်နက်ကိုင် ပဋိပက္ခနှင့် နိုင်ငံရေးအကျဉ်းသား များနှင့် ပတ်သက်သည့် အတင်းအဓမ္မရွှေ့ပြောင်းခံရခြင်း ၆ မှုတို့ကိုလည်း မှတ်တမ်းတင်နိုင်ခဲ့သည်။

၂၀၁၆ခုနှစ် ဇန်နဝါရီမှ ဇွန်လအထိ ND-Burma မှ မှတ်တမ်းတင်နိုင်ခဲ့သည့် လူ့အခွင့်အရေး ချိုးဖာက်မှုများ

| စဉ် | အမျိုးအစား | အရေအတွက် |
|---|---|---|
| ၁ | မတရားဖမ်းဆီးမှုများနှင့် ထိန်းသိမ်းချုပ်နှောင်မှုများ | ၈ |
| ၂ | ပစ္စည်းဥစ္စာပိုင်ဆိုင်မှုကို သိမ်းယူခြင်း၊ ဖျက်ဆီးခြင်း | ၆ |
| ၃ | ပျောက်ဆုံးခြင်း | ၄ |
| ၄ | အတင်းအဓမ္မ စေခိုင်းခြင်း | ၄ |
| ၅ | အတင်းအဓမ္မ ရွှေ့ပြောင်းခြင်း | ၆ |
| ၇ | လူကုန်ကူးမှု | ၃ |
| ၈ | သတ်ဖြတ်ခြင်း | ၁၅ |
| ၉ | လွတ်လပ်စွာထုတ်ဖော်ပြောဆိုခြင်း၊ စုဝေးခြင်း | ၂ |

| | | |
|---|---|---|
| ၁၀ | အခြားလိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ | ၁ |
| ၁၁ | အတင်းအဓမ္မ ပြုကျင့်ခြင်း | ၅ |
| ၁၂ | ညှင်းပမ်းနှိပ်စက်ခြင်း | ၄၀ |
| ၁၃ | ကလေးစစ်သားအသုံးပြုခြင်း | ၂ |
| ၁၄ | မတရားအခွန်ကောက်ခြင်း | ၂ |
| စုစုပေါင်း | | ၉၈ |

**နောက်ဆက်တွဲ (၁) လစဉ်အလိုက် လူ့အခွင့်အရေး ချိုးဖောက်မှုများ (ဇန်နဝါရီလ - ဇွန် ၂၀၁၆)**

| လစဉ်နှင့် အမျိုးအစား အလိုက် | မတရားဖမ်းဆီးမှုများနှင့် ထိန်းသိမ်းချုပ်နှောင်မှုများ | ပစ္စည်းဥစ္စာပိုင်ဆိုင်မှုကို သိမ်းယူခြင်း၊ ဖျက်ဆီးခြင်း | ပျောက်ဆုံးခြင်း | အတင်းအဓမ္မ စေခိုင်းခြင်း | အတင်းအဓမ္မ ရွှေ့ပြောင်းခြင်း | လူကုန်ကူးမှု | သတ်ဖြတ်ခြင်း | လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခြင်း၊ စုဝေးခြင်း | လွတ်လပ်စွာ သွားလာခွင့်ကို တားဆီးခြင်း | အခြားလိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ | အတင်းအဓမ္မ ပြုကျင့်ခြင်း | ညှင်းပမ်းနှိပ်စက်ခြင်း | ကလေးစစ်သားအသုံးပြုခြင်း | မတရားအခွန်ကောက်ခြင်း | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ဇန်နဝါရီ | | ၁ | | | | ၂ | ၂ | ၂ | | | ၃ | ၁ | ၁ | ၁ | ၁၃ |
| ဖေဖော်ဝါရီ | | ၃ | | | | ၁ | | | | | | ၅ | | | ၉ |
| မေ | ၃ | | | ၃ | | | ၃ | | | ၁ | ၁ | ၂၉ | ၁ | | ၄၁ |
| ဇွန် | ၅ | ၂ | ၄ | ၁ | ၆ | | ၁၀ | | | | ၁ | ၅ | | ၁ | ၃၅ |
| စုစုပေါင်း | ၈ | ၆ | ၄ | ၄ | ၆ | ၃ | ၁၅ | ၂ | | ၁ | ၅ | ၄၀ | ၂ | ၂ | ၉၈ |

**နောက်ဆက်တွဲ (၂) ပြည်နယ်နှင့်တိုင်းဒေသကြီး အလိုက် လူ့အခွင့်အရေးချိုးဖောက်မှုများ (ဇန်နဝါရီလ - ဇွန် ၂၀၁၆)**

| ပြည်နယ်/ တိုင်းနှင့် အမျိုးအစား အလိုက် | မတရားဖမ်းဆီးမှုများနှင့် ထိန်းသိမ်းချုပ်နှောင်မှုများ | ပစ္စည်းဥစ္စာပိုင်ဆိုင်မှုကို သိမ်းယူခြင်း၊ ဖျက်ဆီးခြင်း | ပျောက်ဆုံးခြင်း | အတင်းအဓမ္မ စေခိုင်းခြင်း | အတင်းအဓမ္မ ရွှေ့ပြောင်းခြင်း | လူကုန်ကူးမှု | သတ်ဖြတ်ခြင်း | လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခြင်း၊ စုဝေးခြင်း | အခြားလိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ | အတင်းအဓမ္မ ပြုကျင့်ခြင်း | ညှင်းပမ်းနှိပ်စက်ခြင်း | ကလေးစစ်သားအသုံးပြုခြင်း | မတရားအခွန်ကောက်ခြင်း | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ဧရာဝတီတိုင်း ဒေသကြီး | | | | | | ၁ | | | | | ၄ | | | ၅ |
| ကချင်ပြည်နယ် | | | | | | | | | | | ၂ | | | ၂ |
| ကရင်ပြည်နယ် | | | | | | | | | | ၂ | | | | ၂ |

| | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| မန္တလေးတိုင်းဒေသကြီး | | | | | | | | | | | ၂ | | | ၂ |
| မကွေးတိုင်းဒေသကြီး | | | | | | | | | | | ၁ | | | ၁ |
| မွန်ပြည်နယ် | | ၁ | | | | ၁ | ၁ | ၂ | | ၁ | ၂ | | ၁ | ၉ |
| ပဲခူးတိုင်းဒေသကြီး | | | | | | ၁ | | | | | ၄ | ၁ | | ၆ |
| ရန်ကုန်တိုင်းဒေသကြီး | | | | | | | | | | | ၉ | | | ၉ |
| ရှမ်းပြည်နယ် | ၈ | ၂ | ၄ | ၄ | ၆ | | ၁၃ | | ၁ | ၂ | ၁၅ | ၁ | ၁ | ၅၇ |
| တနင်္သာရီတိုင်းဒေသကြီး | | ၃ | | | | | ၁ | | | | ၁ | | | ၅ |
| စုစုပေါင်း | ၈ | ၆ | ၄ | ၄ | ၆ | ၃ | ၁၅ | ၂ | ၁ | ၅ | ၄၀ | ၂ | ၂ | ၉၈ |

**နောက်ဆက်တွဲ (၃) လစဉ်အလိုက်နှင့် ပြည်နယ်/တိုင်းဒေသကြီးအလိုက် လူ့အခွင့်အရေးချိုးဖောက်မှုများ (ဇန္နဝါရီလ - ဇွန် ၂၀၁၆)**

| လစဉ်နှင့် ပြည်နယ်/ တိုင်း အလိုက် | ဧရာဝတီတိုင်း ဒေသကြီး | ကချင်ပြည်နယ် | ကရင်ပြည်နယ် | မန္တလေးတိုင်းဒေသကြီး | မကွေးတိုင်းဒေသကြီး | မွန်ပြည်နယ် | ပဲခူးတိုင်း ဒေသကြီး | ရန်ကုန်တိုင်း ဒေသကြီး | ရှမ်းပြည်နယ် | တနင်္သာရီတိုင်း ဒေသကြီး | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|
| ဇန္နဝါရီ | | | ၂ | | | ၇ | ၂ | | ၁ | ၁ | ၁၃ |
| ဖေဖော်ဝါရီ | ၃ | | | | ၁ | | ၁ | ၁ | | ၃ | ၉ |
| မေ | ၂ | ၂ | | ၂ | | ၂ | ၃ | ၈ | ၂၁ | ၁ | ၄၁ |
| ဇွန် | | | | | | | | | ၃၅ | | ၃၅ |
| စုစုပေါင်း | ၅ | ၂ | ၂ | ၂ | ၁ | ၉ | ၆ | ၉ | ၅၇ | ၅ | ၉၈ |

# ဖြစ်ရပ်မှန် ပုံစံများ

## (၁) ရွာသားနှစ်ဦးအား စစ်ပိုလ်မှ ပတ်ခတ်သတ်ဖြတ်ခြင်း

၂၀၁၆ ခုနှစ် မတ်လ ၈ ရက်နေ့ နံနက် ၁၁ နာရီခွဲခန့်တွင် ခမရ (၂၈၇) မှ ဗိုလ်ကြီး ဇော်မျိုး ထက်နှင့် တပ်သား ၆ ဦးသည် ရွာသူကြီးအား ကြိုတင် အကြောင်းကြားထားခြင်း မရှိဘဲ၊ မွန်ပြည်နယ်၊ ရေးမြို့နယ်၊ ခေါဇာ မြို့နယ်ခွဲရှိ မန်ကျည်းချောင်းဂ ကျေးရွာသို့ ရောက်ရှိလာသည်။

စစ်သားများရောက်လာချိန်တွင် ခြေတချောင်းသာရှိသည့် ဦးမိုးသည် သူ၏ ပိုက်ကွန်ကို ပြင်ရန် အိမ်အပြင်သို့ ထွက်လာသည်။ သူအိမ်ဂသို့ ရောက်သည်နှင့် ဗိုလ်ကြီး ဇော်မျိုးထက်က ဦးမိုး၏ မျက်နှာအား ဓားဖြင့်မွှန်းပြီး၊ သေနတ်ဖြင့် ၆ ချက်ပတ်ခတ်ခဲ့သဖြင့် ပွဲချင်းပြီး သေဆုံးသွား သည်။

သေနတ်သံများကြားရသဖြင့် ဦးမိုး၏ တူဖြစ်သူ မောင်ချစ်စိုးသည် ဘာဖြစ်သလဲဟု အခင်းဖြစ် ပွားရာသို့ အပြေးအလွှား သွားခဲ့သည်။ မောင်ချစ်စိုးကိုလည်း ဗိုလ်ကြီးက ၃ ချက် ပစ်ခတ်ခဲ့ သည်။ ပစ်ခတ်မှုကို တွေ့မြင်ခဲ့သည့် ရွာသားတဦးက "ဦးမိုးက ခြေတဖက်ပဲ ရှိတဲ့သူပါ။ ပထမ တချက် အပစ်ခံရပြီးတာနဲ့ သူလဲကျသွားတယ်။ ကယ်ကြပါဦးလို့ အော်နေတဲ့ မောင်ချစ်စိုးကို လည်း ပစ်လိုက်တယ်။ အဲဒီလို ပစ်ခတ်နေတဲ့အချိန်မှာ စစ်သားတွေက သူတို့နဲ့ ၂ ကိုက်အကွာ လောက်မှာပဲ ရှိတယ်။ ကျည်ဆံခွံတွေကို သူတို့အလောင်းနားမှာ တွေ့ရတယ်"။

နိုင်ကိုင် ခေါ် နိုင်ခေး ပြောသည်မှာ မောင်ချစ်စိုးအနေနဲ့ ပတ်ခတ်ခံရအပြီးမှာ အသက်ရှိနေ သေးတယ်။ မောင်ချစ်စိုး ကို ရေးဆေးရုံကြီးကို ပို့ဖို့ လုပ်နေတဲ့ ဆွေမျိုးတွေကို မူးနေပုံရတဲ့ ဗိုလ်ကြီး ဇော်မိုးထက်က ပို့ခွင့်မပြုခဲ့ဘူး။ မောင်ချစ်စိုးကို ဆေးရုံပို့ဖို့ ကြိုးစားနေတဲ့သူတွေကို လည်း အရေးပေါ် လူနာတင်ယဉ်ကို ခေါ်တဲ့သူကို ပစ်သတ်မယ်လို့ ဗိုလ်ကြီးက ခြိမ်းခြောက် တယ်။ နိုင်ကိုင် ဆက်ပြောတာက မောင်ချစ်စိုးကို ဆေးရုံပို့ဖို့ လုပ်နေတဲ့သူတွေကို ဗိုလ်ကြီးက " မလုပ်ကြနဲ့၊ ဘယ်ကောင်မှ အရေးပေါ် လူနာတင်ကား မခေါ်ရဘူး" ဟု အော်ဟစ်၊ ကြိမ်းမောင်း နေတယ်။

ရွာသားတွေက မောင်ချစ်စိုးကို ဆေးရုံပို့ဖို့ ကြိုးပမ်းနေစဉ်မှာ၊ ခမရ (၂၈၇) မှ စစ်သားများသည် ရွာအဝင်လမ်းကို ပိတ်ဆို့လိုက်ပြီး သတိပေးပစ်ခတ်မှုများ ပြုလုပ်ခဲ့သည်။ မောင်ချစ်စိုးသည် သွေးလွန်ပြီး ၂၀၁၆ ခုနှစ် မတ်လ ၉ ရက်၊ နံနက် ၂ နာရီခန့်တွင် ကွယ်လွန်သွားသည်။

နိုင်ကိုင်သည် မန်ကျည်းချောင်းဂရွာ ရွာလူကြီးဟောင်းတဦးဖြစ်ပြီး၊ သေဆုံးသွားသူ ဦးမိုးသည် သူ၏ ညီဖြစ်ကာ၊ မောင်ချစ်စိုး သည် သူ၏ သားမက်ဖြစ်သည်။

ခမရ ၂၀၈ မှ လစဉ်တောင်းနေကျ၊ ကျပ် တသိန်းနှင့် ဆန်တအိတ်ကို နိုင်ကိုင်နှင့် မန်ကျည်း ချောင်းဂ ရွာသားများက မပေးကြသဖြင့် ဗိုလ်ကြီး ဇော်မိုးထက်နှင့် စစ်သားများက စိတ်ဆိုး၊ ဒေါသထွက်ပြီး ထိုသို့ ပြုလုပ်ခြင်းဖြစ်သည်။ ထို့အပြင်

# လိက်လလောင်ကြဲး ဆဝ်ဗ္ဒုဟ်

## ကိစ္စပေါ်ရာဒနာမိက် သွက်ညးကွာန်ပါင်မင်ဂှ်န် အဒင်ပန်ဂစိုတ် နက်လွဟ် (၂) တ္ၚ

လောန်ကျုင်နူ (၈၊၃၊၂၀၁၆) ဂှ် ဗိုလ်ဖ္ဂော် ဓော်မျိုးထက် (ခလရ - ၂၈၀ ) စသုင်ဗ္ဂါကြာန်တဲ လုပ်ပန်ဂစိုတ် ဏာနှဲအမ္ဂိ ကော်ဲ နှဲချေတ်သိ၊ ပွဲကွာန်ပါင်မင်ဂှ်န်၊ ဒေသရေဝ် သျှင်ကျာ၊ ပ္ဍိုင်ချင်ခေါဇာတော်ရ။ ဆက်စပ်ကို ဂဗုတ်ဏံတဲ ညးတာလျိုင်သ္ဂိုပ်ဒပ်ပ္ဂာန်ကိုန်ချင်တံ စိုက်ိုစိုပ်ဗ္ဒတ် (ပိ) ဂိတုဏံလေဝ် ပ္ဂမကောတ်အရေဝ် မွဲသာ်မွဲ ပြကာပဲ့ကျောန်သွဏီရ။ အခိင်လ္ဂုဟ်ဏံဂှ် ဒ္ဂ်အခိင်ကာလ ဗ္ဂဝ်အာမံင်ကို ပရေင်သ္ဂောဝ်ဗဗွဲခရ် ကော်ဲပရေင်တန် ကြန်ဗိုဟ်လလမ်တံရ။ ဗိုန်ဂှ်လေဝ် သ္ဂိုပ်ဒပ်ပ္ဂာန်ကိုန်ချင်တအ် ပ္ဂဟွံသွကို ပရေင်ကောတ်အရေဝ်ဂှ် သွက်ပရေင် သ္ဂောဝ်ဗဗွဲခရ် ကော်ဲ ပရေင်တန်ကြန် ဗိုဟ်လလမ်တော့် ဒ္ဂ်အရာစိုဒ္ဂာပလိုပလာ်မံင် မွဲသာ်ကိုရ။ ပရေင်ဒုဟ်ဒဏ် စက်ခေတ်သာ်ဏံဂှ် ပိုညးချင်ကွာန်ဂမ္ဂိုင် ဆက်တဲ ယဝ်ဒုင်မံင်တဲဏီမ္ဂး သွက်ပိုန်ဒြပ်သ္ဂိဂှ်ာန် ပရေင်ချိုပ်ဍ် အလုံ ညးကိုန်ချင်မွဲဂှ် ဟွံမွဲကို ပရေင်ဂိုကျိဒ္ဂ်ကျုင်မာန်ရ။

ဟိုတ်ဂှ်ရ ခေတ်ညးချင်ကွာန် ဗွဲမညိသ္ဂုဟ်ကို အလိုအသိညးချင်ကွာန် ရုဲစုံပတိုန်လဝ်ဂှ် ဆောင်စပ်ပရေင် ဂဗုတ်ပန်ဂစိုတ် ဟွံဗဗွဲခရ်ဂွံ ပံင်တောဲကောတ်ဓြဟတ် ကုညးချင်ကွာန်တံတဲ ဒ္ဂ်အခိင်သွက်ဂွံထွံက်ထွး သွ်ခရ်ဒုံ မွဲရ၊ သွက်ညးမကလိလောန် စုတိအာဂှ် ပိုညးချင်ကွာန်မန်တအ်သိုဖအိုတ် ပံင်တောဲပါလုပ် ပွဲပေါ်ရာဒနာမိက် အိုတ်စိုအ်ဂှ် မဒးလလောင်ကြဲး ဆဝ်မ္ဂုဟ်ဏာ မွဲမရ္ဂေသ္ဂ်ရ်ဂ်ရအ်။



စွတ်တဲ -- ခဍုဍု သ္ဂာံ၊ ဂိတုဓဒ္ဂ် (၃) မံက် (၈--၆--၂၀၁၆)။
အခိင် -- သင်တဲ (၄း၀၀) နာဍိ။
ဒ္ဂါ -- ကျာ်သိုင်၊ ချင်ခရာ်း



# အသိပေးနိုးဆော် တိုက်တွန်းခြင်း

## မကျည်ချောင်းဝရွာမှ အပြစ်မဲ့ပြည်သူ (၂) ယောက်အား သေနတ်ဖြင့်ပစ်သတ်ခံရခြင်းအတွက် ဝတ်ပြုဆုတောင်းပွဲ

ရေးမြို့နယ်တောင်ပိုင်း၊ ခေါဇာမြို့၊ မကျည်းချောင်းဝကျေးရွာ၌ လွန်ခဲ့သော (၈၊ ၃၊ ၂၀၁၆) က နိုင်မိုး နှင့် နိုင်ချစ်စိုးတို့အား ဗိုလ်ကြီးဇော်မျိုးထက် (ခလရ - ၂၈၀)မှ သောက်စားမူးရစ်ပြီး အပြစ်မဲ့စွာ သတ်ဖြတ်ခြင်း ခံလိုက်ရပါသည်။ ထိုအမှုနဲ့ပတ်သက်ပြီး သက်ဆိုင်ရာ တပ်မတော်အရာရှိကြီးများက ယခု သုံးလပြည့်သည့်တိုင် မည်သည့်အရေးယူဆောင်ရွက်ခြင်းမျှ မလုပ်ဆောင်သေးပါ။ ယခုအချိန်ကာလ သည် တရားဥပဒေစိုးမိုးနှင့် တည်ငြိမ်အေးချမ်းရေးကို ဦးတည်ဆောင်ရွက်နေသော အချိန်ကာလဖြစ် ပါသည်။ သို့သော်တပ်မတော်သည် ထို့သို့အရေးယူဆောင်ရွက်ခြင်းမပြုသည်မှာ တရားဥပဒေစိုးမိုးရေး ကို နောက်ယုက်ဟန့်တားဖျက်ဆီးနေသည်နှင့် တူနေပါသည်။ ကျွန်တော်တို့ ပြည်သူလူထုမှ ထိုကဲ့သို့ ကျူးလွန်မှုများကို ဆက်လက် လက်ခံနေအုံးမည်ဆိုလျှင် ပြည်သူတရပ်လုံး၏ အသက်အိုးအိမ်စည်းစိမ် များအတွက် လုံခြုံမှုရှိမည် မဟုတ်တော့ပါ။

သို့ပါသောကြောင့် ပြည်သူတို့၏ခေတ်၊ ပြည်သူတို့တင်သော အစိုးရဖြစ်သည်နဲ့အညီ ပြည်သူတို့ အပေါ် မတရားသတ်ဖြတ်မှုကြီးအား ပြည်သူတို့အင်းအားနှင့် ဝိုင်းဝန်းကူညီဆောင်ရွက်ရန် အချိန်ကျ ရောက်ပြီးဖြစ်ပြီး အမှန်တရားပေါ်ပေါက်ရေးနှင့် သေဆုံးသူတို့အတွက် ဝတ်ပြုဆုတောင်းပွဲ ကျင်းပပြု လုပ်မည်ဖြစ်ပါသောကြောင့် ဝိုင်းဝန်းကူညီဆောင်ရွက်ကြပါရန် လေးစားစွာဖြင့် တိုက်တွန်းနိုးဆော်အပ် ပါသည်

မြန်မာစစ်တပ်မှ သတ်ဖြတ်ခဲ့သည့် အပြစ်မဲ့အရပ်သား နှစ်ဦး၏ ဝတ်ပြုဆုတောင်းပွဲ ဖိတ်ကြားလွှာ *(Photo - HURFOM)*

ဗိုလ်ကြီးဇော်မိုးထက်သည် နိုင်ကိုင်ထံမှ ငွေတသိန်းခွဲနီးပါးချေးငှားထားပြီး၊ ပြန်လည်ပေးဆပ်ရန်လည်း ဆန္ဒမရှိပေ။

နိုင်ကိုင် က မချိတင်ကဲဖြင့် ပြောသည်မှာ စစ်သားများက သူညီ ဦးမိုးကို သူနှင့် မှားယွင်းပစ်ခတ်သည် ကို နားလည်သော်လည်း၊ မောင်ချစ်စိုးကို ဘာလို့ ထပ်ပစ်တာလဲဟု မေးခွန်းထုတ်သည်။ ဆက်လက်၍ "သူတို့ အရမ်းရက်စက်ကြတယ်။ ကျနော့်အနေနဲ့ တရားမျှတမှု ရရှိတဲ့အထိ ဆက်လက် တိုက်ပွဲဝင်သွားမယ်" ဟု ပြောသည်။

အခင်းဖြစ်ပွားပြီးသည့်နောက်၊ မောင်ချစ်စိုး၏ မိန်းမအား နှုတ်ပိတ်ခအဖြစ် လျော်ကြေးပေးမည် ဖြစ်ပြီး၊ သူမအနေဖြင့် အမှုကို ရုပ်သိမ်းရမည်ဟု ကမ်းလှမ်းခဲ့သည်။ သို့သော်လည်း သူမက ထိုသို့ ကမ်းလှမ်းမှုကို ငြင်းဆိုပြီး၊ တရားမျှတရေး အတွက် ဆက်လက်ဆောင်ရွက်မည်ဟု ဆုံးဖြတ်ထားသည်။

လူသတ်မှု ကျူးလွန်သူ ဗိုလ်ကြီး ဇော်မိုးထက်ကို ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၃၀၂ ဖြင့် တရားစွဲ ဆိုထားသည်။ သို့သော်လည်း ဗိုလ်ကြီးမှာ အခင်းဖြစ်ပွားပြီး ၃ ရက်အကြာတွင် သဘော်ဖြင့် ထွက်ပြေး၊ ပျောက်ဆုံးနေသည်။ အမှုမပေါက်ကြားစေရန် နိုင်ကိုင် ကို ခမရ (၂၈၀) မှ အရာရှိ များက ခြိမ်းခြောက်သည်။

ဧပြီလ ၂ ရက်တွင် ၊ မွန်ပြည်သစ်ပါတီမှ တာဝန်ရှိသူများက မောင်ချစ်စိုး၏ မိန်းမထံ လာ ရောက် တွေ့ဆုံပြီး ငွေကြေး အကူအညီပေးရန် ကမ်းလှမ်းသည်။ ထိုသို့ တွေ့ဆုံမှုအပြီးတွင် ခမရ (၂၈၀) မှ ဗိုလ်မှူး အောင်ကိုဝင်း က နိုင်ကိုင်ကို ခေါ်ပြီး တွေ့ဆုံမှုအကြောင်း မေးမြန်းခဲ့ သည်။ ဗိုလ်မှူးက နိုင်ကိုင်အား အချိန်မရွေးဖမ်းဆီးပြီး ထောင်ထဲပို့ပစ်မည်ဟု ပြောဆိုခဲ့သည်။ စစ်တပ်မှ ထိုသို့ခြိမ်းခြောက်ပြီးသည့်နောက် အမှုနှင့် ပတ်သက်ပြီး တရားမျှတမှု မရှိဟု ယုံကြည်သည့်တိုင်အောင် နိုင်ကိုင်သည် အမှုနှင့် ပတ်သက်ပြီး ပြောဆိုရန် ကြောက်ရွံ့လျက်ရှိသည်။ သူ့အနေဖြင့် ရွာတွင် နေရသည်မှာ လုံခြုံမှုမရှိဟု ခံစားနေရသည်။

ရေးနှင့် လမိုင်းမြို့နယ်တို့ရှိ ကျေးရွာများမှ ဒေသခံများ၊ လူ့အခွင့်အရေး တက်ကြွလှုပ်ရှားသူ များ၊ အရပ်ဖက် အဖွဲ့အစည်း များနှင့် ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးများသည် မွန်ပြည်နယ် တောင်ပိုင်း၊ ရေးမြို့တွင် စုဆည်းကြပြီး မန်ကျည်းချောင်းဂ ရွာသားနှစ်ဦး ပစ်သတ်ခံရမှုအတွက် ဆန္ဒပြပွဲများ ကျင်းပကြသည်။

ဆန္ဒပြပွဲတက်ရောက်လာသူများက မန်ကျည်းချောင်းဂ ရွာသားနှစ်ဦး ပစ်သတ်ခံရမှုအပေါ် စိုးရိမ်ပူပန်ကြပြီး၊ ရေးမြို့နယ် တပိုက်တွင် လူ့အခွင့်အရေးချိုးဖောက်မှုများ ကာလကြာရှည် ဖြစ်ပွားနေသည်ဟု ပြောဆိုသည်။ ရေးဒေသမှ ပြည်သူများက ယခုအမှုနှင့် ပတ်သက်ပြီး တရားမျှတမှုကို လိုလားနေကြသည်။ အဘယ်ကြောင့်ဆိုသော် စစ်သားများ အပေါ် အပြစ်ပေး အရေးယူမှသာ ဒေသတွင်း တည်ငြိမ်ရေးကို အထောက်အကူပြုမည်ဟု ယုံကြည်နေကြသည်။ သူတို့အနေဖြင့် မန်ကျည်း ချောင်းဂ ပစ်ခတ်မှုနှင့် ဒေသတွင်း ဆက်လက်ဖြစ်ပေါ်နေသည့် ပဋိပက္ခများအပေါ် တခြားသူများ အာရုံစိုက်လာစေရန် လိုလားကြသည်။



သတ်ဖြတ်ခံရသော အပြစ်မဲ့အရပ်သားများ၏ မိသားစုများထံသို့လာရောက်သည့် မြန်မာစစ်တပ်အရာရှိများ *(Photo - HURFOM)*

# ဖြစ်ရပ်မှန် (၂)

ရှမ်းပြည်နယ်အတွင်း မြန်မာ့တပ်မတော်နှင့် TNLA တိုက်ပွဲကြောင့် ရွာသား တဦးသေဆုံးပြီး၊ သုံးဦး ဒဏ်ရာ ရရှိသွားသည်။

၂၀၁၆ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့ နံနက် ၄ နာရီခန့်က ရှမ်းပြည်နယ်၊ မန်တုံမြို့နယ်၊ ဟိုတပ် ကျေးရွာတွင် မြန်မာ့တပ်မတော်နှင့် တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA) တို့ တိုက်ပွဲဖြစ်ပွားရာ ရွာသား တဦးသေဆုံးပြီး၊ သုံးဦး ဒဏ်ရာ ရရှိသွားသည်။

တိုက်ပွဲမဖြစ်ပွားမီ၊ TNLA တပ်ဖွဲ့များ ရွာတွင် စခန်းချနေပြီး၊ မြန်မာ့တပ်မတော်မှ တပ်မ ၃၃ ရွာတွင်းသို့ ဝင်လာချင်းမှာပင် TNLA နှင့် တိုက်ပွဲဖြစ်ပွားခြင်းဖြစ်သည်။ တိုက်ပွဲဖြစ်ပွားစဉ် အိုက်လူ သည် သူ့ဇနီးနှင့် ကလေးများကို နှိုးပြီး၊ သူ့သမီးကို ချီ၍ တိုက်ပွဲနှင့် ဝေးရာသို့ ပြေးရန် ပြင်သည်။ သို့သော်လည်း သူ့လည်ပင်းတွင် ကျည်သင့်သည့် ဒဏ်ကြောင့် ပွဲချင်းပြီး သေဆုံးသွားသည်။ သူ့အမေ၊ အဖိုးနှင့် အဖွားလည်း ထွက်ပြေးရန် ကြိုးစားသည်၊ သို့သော်လည်း လက်နက်ကြီး ကျည် အိမ်ပေါ်သို့ ကျရောက်ပေါက်ကွဲပြီး၊ ၃ ဦးလုံးဒဏ်ရာရ၍ အိမ်ပျက်စီးသွားသည်။

ရွာသားများက အိုက်လူ၏ အဖိုးကို ဘုန်းကြီးကျောင်းသို့ သယ်သွားပြီး၊ စစ်သားများအား ကူညီရန် ပြောဆိုသော်လည်း၊ မည်သည့်ဆေးဝါးကုသမှု တစုံတရာ မရရှိပေ။ အိုက်လူ၏ အဖွားမှာလည်း ခြေသလုံးနှင့် ပေါင်တွင် ဒဏ်ရာ ပြင်းထန်စွာ ရရှိသွားသည်။

မတ်လ ၃၁ ရက်နေ့တွင် အိုက်လူ၏ အဖိုးနှင့်အဖွားသည် လားရှိုးဆေးရုံသို့ သွားရောက် ပြသသော်လည်း၊ နောက်ပိုင်းတွင် တရုတ်ပြည်သို့ သွားရောက် ကုသခဲ့ရသည်။ အိုက်လူ၏ မိခင်သည် ဒဏ်ရာ အပြင်းအထန် ရရှိသော်လည်း ရွာတွင်ပင် နာထန်ထူအောင် နေရသည်၊ အဘယ်ကြောင့်ဆိုသော် သူ၏သား အိုက်လူ၏ ဈာပနအတွက် ပြင်ဆင်ရန်ဖြစ်သည်။

တိုက်ပွဲဖြစ်ပွားပြီးနောက် စစ်တပ်က ရွာသားများအား အစည်းအဝေးခေါ်ပြီး၊ အမျိုးသားများ အား ဘုန်းကြီးကျောင်းနှင့် အမျိုးသမီးများအား ဂတ်ပြု ဆုတောင်းသည့်နေရာတွင် နေရန် အမိန့်ထုတ်ခဲ့သည်။ ထို့နောက် TNLA စစ်သားများ ရှိ၊ မရှိ တရွာလုံးကို ဝင်ရောက်ရှင်းလင်း ခဲ့ပြီး၊ အိုက်လူ၏ အိမ်မှ အမဲလိုက် သေနတ် ၃ လက်နှင့် ဖုန်းကို သိမ်းဆည်းသွားသည်။



မြန်မာစစ်တပ်၏ ပစ်ခတ်ခံခဲ့ရသော ၉  နှစ်သား မိန်းကလေး၊ ရှမ်းပြည်နယ်
*(Photo - PWO)*

## ဖြစ်ရပ်မှန် (၃) ဖမ်းဆီးခံရပြီးနောက် ညှင်းပန်းနှိပ်စက်ခံရခြင်း

မန်ဂူရွာသည် လူမျိုးစုံ ရောနှောနေထိုင်သည့် ရွာဖြစ်ပြီး၊ အိမ်ထောင်စုပေါင်း သုံးထောင် ကျော်ရှိသည်။ ရွာနီးပတ်လည်တွင် စပါးခင်းများ၊ ပြောင်းဖူးခင်းနှင့် ကြံခင်းများဖြင့် ဝိုင်းရံ ထားသည်။ စစ်တပ်မှ ထိန်းချုပ်ထားပြီး၊ စစ်တပ်စခန်းချရာ နေရာလည်းဖြစ်သည်။

၂၀၁၆ခုနှစ် ဧပြီလ ၂၂ ရက်နေ့၊ နေ့လည်ခင်းတွင် လဘန်လွမ်သည် ရွာမှ ၂မိုင်အကွာခန့်ရှိ မြံသို့ ထွက်ခဲ့သည်။ လမ်းတွင် မိုးရွာ၊ လေတိုက်၍ ခရီးဖင့်နေသောကြောင့် အိမ်သို့ ည ၈နာရီခွဲ သည့်တိုင်အောင် ပြန်မရောက်ပေ။ အိမ်အပြန်လမ်းတွင် စစ်သား ၃ ဦး၏ ဖမ်းဆီးခြင်းကို ခံလိုက်ရသည်။ လဘန်လွမ်က ပြောသည်မှာ သူ့အနေဖြင့် အမှားမလုပ်ထား၍ စစ်သား များက ရပ်တန့်ရန် အမိန့်ပေးသည့်အခါ ရပ်နေခဲ့သည်။

စစ်သားများက လဘန်လွမ်ကို တပ်ရင်းရှိ အဆောက်အဦးထဲခေါ်သွားပြီး နိုင်လွန်ကြိုးဖြင့် တင်းတင်းကြပ်ကြပ် ချည်နှောင် ထားသည်။ ထို့နောက် ကချင်လွတ်လပ်ရေးတပ်မတော် (KIA) ၏ မည်သည့် တပ်ဖွဲ့ကဖြစ်သနည်း၊ အဆိုပါ တပ်ဖွဲ့တွင် အင်အား မည်မျှရှိသနည်းဟု မေးမြန်း ကြသည်။ သူ၏ မျက်နှာကို မျက်နှာဖုံးဖြင့် မစွပ်မီအထိ သေနတ်ဖြင့်ချိန်၍ စစ်ဆေး မေးမြန်း ကြသည်။ စစ်သားများက သူ၏ ပေါင်နှင့် ခြေဖဝါးတို့ကို ဓားမြှောင်ဖြင့်ထိုး၊ ဒူးဝေါင်းပေါ်တွင် ဝါးချွန်ဖြင့် လှိမ့်၍ ညှဉ်းပန်းနှိပ်စက်ကြသည်။ သူ့အနေဖြင့် တညလုံး ညှင်းပန်းနှိပ်စက်ခံရပြီး၊ သူလှုပ်ရှားသည်နှင့် ဓားမြှောင်နှင့် အထိုးခံရ သည်။ ထိုအချိန်က စားစရာနှင့် ရေ မရသည့်အပြင် မိသားစုနှင့်လည်း ဆက်သွယ်ခွင့် မရခဲ့ပေ။

နောက်တနေ့ နံနက် ၁၀ နာရီခန့်တွင်၊ မန်းဂူရွာ၊ ရပ်ကွက် ၅ တွင် သူ၏ ကိုယ်ရေးရာဇဝင် ကို ရှာဖွေကြပြီးနောက် သူ့ကို ပြန်လွှတ်ပေးခဲ့သည်။

လဘန်လွမ်၏ မိဘများသည် သူအိမ်သို့ ပြန်ရောက်မှသာ သူဖမ်းဆီးခံရကြောင်းနှင့် သူ့တွင်ရရှိ ထားသည့် ဒဏ်ရာ၊ ဒဏ်ချက်များကို တွေ့ကြသည်။ သူက မိဘများအား သူဖမ်းဆီးခံရပုံနှင့် ညှဉ်းပန်းနှိပ်စက်ခံရပုံတို့ကို ပြောပြသည်။ သူ့အနေ ဖြင့် ဆရာဝန်ထံ ၃ ပတ်ခန့်သွားရောက် ဆေးကုသရပြီး ယွမ်ငွေ ၁၀၀၀ ခန့် ကုန်ကျသွားသည်။ ဒဏ်ရာများကြောင့် သူသည် စိုက်ပျိုး ရေးခြံသို့ မသွားနိုင်ပေ။ သူ့အနေဖြင့် ဆေးဝါးကုသနေရသည့်အတွက် စိတ်တိုနေပြီး၊ တုန်လှုပ် ခြောက်ခြားဖွယ် အဖြစ်အပျက် ဖြစ်ပွားပြီးနောက် ရွာလူကြီးက သူ့ထံလာရောက် တွေ့ဆုံခြင်း မရှိသည့်အတွက် စိတ်ပျက်နေသည်။

သူ့အိမ်နှင့် ခြံသို့သွားရာလမ်းတွင် စစ်သားများကို ရှောင်ဖယ်နိုင်မည်မဟုတ်သည့်အတွက် စိုးရိမ်မှုများရှိနေသည်။ စစ်သား များက သူနှင့် တခြားရွာသားများ၏ အသက်မွေးဝမ်းကြောင်း အလုပ်ကို ထိခိုက်အောင် နှောင့်ယှက်နေသည် ဟုလည်း ယုံကြည်နေသည်။

# နိဂုံး

NLD ဦးဆောင်သည့် အစိုးရသစ်တက်လာပြီးနောက် ရက်ပေါင်း ၁၀၀ အတွင်း အရေးပါသည့် ခြေလှမ်းများ စတင်နိုင်ခဲ့သည်ကို အသိအမှတ်ပြုရန် အရေးကြီးသည်။ သမ္မတ၏ လွတ်ငြိမ်း ချမ်းသာခွင့်အမိန့်ဖြင့် နိုင်ငံရေးအကျဉ်းသားများအား လွှတ်ပေးခြင်း၊ ဥပဒေပြုမှုဆိုင်ရာ ပြုပြင် ပြောင်းလဲမှု ပထမခြေလှမ်းအနေဖြင့် နိုင်ငံတော်အား နှောင့်ယှက်လိုသူများ၏ လက်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေအား ရုပ်သိမ်းခြင်းအပါအဝင် ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် စီ တန်းလှည့်လည်ခွင့် ဆိုင်ရာ ဥပဒေများအား ပြင်ဆင်ရန် ဆောင်ရွက်နေခြင်းသည် ပေးထားသည့် ကတိအတိုင်း အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် နိုင်ငံသားလွတ်လပ်ခွင့်အ ပေါ် လေးစားပြီး တိုင်းပြည်တွင် တရားဥပဒေစိုးမိုးမှုရရှိစေရန် ဆောင်ရွက်နေခြင်းဖြစ်သည်။

ထိုသို့ တိုးတက်မှုများ ဖြစ်ပေါ်နေသော်လည်း တိုင်းရင်းသားဒေသများတွင် ပဋိပက္ခများ ဖြစ်ပေါ် နေသည့်အတွက် လူ့အခွင့်အရေးချိုးဖောက်မှုများ များပြားလာခြင်းက ဆောင်ရွက်ရန်တာဝန် အများအပြား ရှိနေသေးသည်ကို ညွှန်းဆိုနေသည်။ ထို့အပြင် ယခုအစီရင်ခံစာတွင် ပါရှိသည့် လူ့အခွင့်အရေးချိုးဖောက်မှုများအပေါ်လည်း မည်သည့်အခါကမျှ တရားဝင်စုံစမ်း၊ စစ်ဆေး ခြင်း မရှိသလို၊ ချိုးဖောက်မှုအပေါ် တာဝန်ရှိသူများသည်လည်း လုံးဝအပြစ်ပေးအရေးယူခံရ ခြင်း တစုံတရာ မရှိဘဲ လွတ်မြောက်နေကြသည်။

အပြစ်ကျူးလွန်သူများ အပြစ်ပေးအရေးယူခံရခြင်းမှ ကင်းလွတ်နေမှုကြောင့်၊ တရားဥပဒေ စိုးမိုးမှုအပေါ် လေးစားလိုက်နာရန် ကင်းမဲ့နေမှုသည်လည်း နေရာတကာ ပျံ့နှံ့သက်ရောက်နေ ပြီး လူ့အခွင့်အရေးကို လေးစားသည့် ယဉ်ကျေးမှုကိုလည်း တွေ့မြင်ရန် ခက်ခဲနေလိမ့်မည် ဖြစ် သည်။

ရက်ပေါင်း ၁၀၀ အတွင်း၊ အစိုးရအနေဖြင့် မစွမ်းဆောင်နိုင်သည့် ကိစ္စများသည် အရပ်သား အစိုးရသစ်နှင့် ယခင် စစ်အစိုးရ၏ အမွေခံ ဗျူရိုကရက်များအကြား အမှန်တကယ် တင်းမာနေ မှုကြောင့်ဖြစ်သည်။ ရှေ့ဆက် ပြုပြင်ပြောင်းလဲမှုများနှင့် အပြုအမူနှင့် တွေးတောကြံဆမှုများ ပြောင်းလဲရန် အတွက် အထက်ပါ စိန်ခေါ်မှုများကို ဖြေရှင်းရန် လိုအပ်သည်။

အဆိုပါ ရည်မှန်းချက်များကို ဦးစားပေးဖြေရှင်းရန်အတွက် လူ့အခွင့်အရေးဆိုင်ရာ အထူးကိုယ် စားလှယ် ယန်ဟီလီးက အစိုးရအနေဖြင့် လူ့အခွင့်အရေးကိစ္စများ ကိုင်တွယ် ဆောင်ရွက်နိုင် မည့် ဝန်းကျင်တရပ် ဖန်တီးဆောင်ရွက်ရန်နှင့် ခြွင်းချက်များသည် သည်းခံနိုင်စရာ မဟုတ်ကြောင်း ပြောဆိုသည်။ "အကယ်၍ လူ့အခွင့်အရေးဟာ ပင်မရေစီးကြောင်း အဖြစ် ဖွဲ့စည်းပုံ၊ ဥပဒေရေးရာနဲ့ မူဝါဒဆိုင်ရာ ဘောင်များအတွင်း အပြည့်အဝ စီးဆင်းမှသာ  မြန်မာနိုင်ငံရဲ့ နုနယ်သေးတဲ့ ဒီမိုကရေစီဟာ ဖွံ့ဖြိုးတိုးတက်မှာဖြစ်တယ်။ ယနေ့အချိန်အခါနဲ့ အနာဂတ်မှာ လူ့အခွင့်အရေးကို လေးစားလိုက်နာတတ်တဲ့ ယဉ်ကျေးမှုကို မဖြစ်မနေ ဦးစားပေး တည်ဆောက်ဖို့လိုတယ်။[8]

အဆိုပါ အကြောင်းအရာများကို အစိုးရသည် ကိုင်တွယ်ဖြေရှင်းသည့် ခြေလှမ်းအဖြစ် ၂၁ ရာစု ပင်လုံညီလာခံကို ဩဂုတ်လကုန်တွင် ခေါ်ယူရန် စီစဉ်နေသည်။  မြန်မာ့တပ်မတော်က တိုင်း ရင်းသားဒေသများတွင် ထိုးစစ်ဆင်မှုများရှိနေပြီး

8 2016, 'UN Special Rapporteur Yanghee Lee's statement', Mizzima 2 July. Available from: http://www.mizzima.com/

အကြမ်းဖက်မှုများ ချိုးဖောက်နေချိန်တွင် မျှော်လင့်ချက် မရှိရာသည့် အားလုံးပါဝင်ရေးမူအတိုင်း ညီလာခံသို့ တက်ရောက်မည် ဆိုပါက တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့ ၃ ဖွဲ့သည် ညီလာခံမတိုင်မီ အပြီးတိုင် လက်နက်စွန့်ရမည်ဟု မြန်မာ့တပ်မတော်က တောင်းဆိုထားသည်။

နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးပွဲတွင် အားလုံးအပြည့်အဝ ပါဝင်နိုင်မှသာ ရေရှည်တည်တံ့မည့် ပြည်တွင်းငြိမ်းချမ်း ဖြစ်နိုင်မည် ဖြစ်သည်။ ထို့ကြောင့် အစိုးရ၊ စစ်တပ် ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ပါတီများ မဖြစ်မနေ ပါဝင်ရန်လိုသကဲ့သို့။ နစ်နာခဲ့ရသူများနှင့် မြန်မာပြည်သူများ၏ ထွက်ဆိုချက်များ အသံများလည်း ပါဝင်သင့်သည်။

မြေယာသိမ်းဆည်းမှုများ၊ အစအနတုံး ဖျောက်ဖျက်မှုများ၊ အတင်းအဓမ္မရွှေ့ပြောင်းခံရမှုများ နှင့် အပြစ်မဲ့ပြည်သူများအပေါ် ရည်ရွယ်ပြီး စနစ်တကျ ကျူးလွန်နေသည့် ချိုးဖောက်မှုများ ရှိနေသရွေ့ ငြိမ်းချမ်းရေး ရရှိနိုင်မည် မဟုတ်ပေ။ အရပ်ဖက် အဖွဲ့အစည်းများအနေဖြင့် ငြိမ်းချမ်းရေး ဆွေးနွေးပွဲများနှင့် ပြုပြင်ပြောင်းလဲရေး၊ ဒီမိုကရေစီ ကျင့်သုံးမှုနှင့် ပြန်လည်သင့်မြတ်ရေး လုပ်ငန်းစဉ်များတွင် ပါဝင်ရန် လိုအပ်သည်။ လူ့အခွင့်အရေး မှတ်တမ်းတင်နေပြီး ငြိမ်းချမ်းရေး၊ တရားမျှတမှု နှင့် ဒီမိုကရေစီရေးတို့အတွက် ကာလကြာရှည် လှုံ့ဆော် တိုက်ပွဲဝင်နေသည့် အဖွဲ့များနှင့် ကျယ်ကျယ်၊ ပြန့်ပြန့် လက်တွဲ လုပ်ဆောင်ရန် အစိုးရအနေဖြင့် လည်း နည်းလမ်းရှာဖွေသင့်သည်။

ထို့အပြင် လွန်ခဲ့သည့် ၆ လအတွင်း ညှဉ်းပန်းနှိပ်စက်မှုနှင့် ဥပဒေမဲ့ သတ်ဖြတ်မှုများ တိုးပွား လာသည့်အပေါ် ယခင် သမ္မတ ဟောင်း ဦးသိန်းစိန် လက်ထက်တွင် လက်မှတ်ထိုးရန် ဆုံးဖြတ် ထားသည့် ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် အခြားရက်စက်၊ လူမဆန်၊ ဂုဏ်သိက္ခာနှင့် မလျော်ညီ သည့် ဆက်ဆံ ပြစ်ဒဏ်ပေးခြင်းများအား ဆန့်ကျင်သည့် ကုလသမဂ္ဂ သဘောတူစာချုပ် (UNCAT) နှင့်  နောက်ဆက်တွဲ လိုက်နာစောင့်ထိန်းအပ်သည့် လုပ်ထုံးလုပ်နည်းကျင့်ဝတ် (OPCAT) တို့အား အစိုးရသစ်အနေဖြင့် လက်မှတ်ရေးထိုးရန် ND-Burma မှ တိုက်တွန်းပါသည်။

GPO 315
Chiang Mai 50000
Thailand

+66 (0) 53 304 404
office@nd-burma.org
www.nd-burma.org

Network for Human Rights Documentation - Burma
ND - Burma